# မြတ်စွာဘုရား၏ လက္ခဏာတော်ကြီး (၇)

၉။ သုဝဏ္ဏ ဝဏ္ဏတာလက္ခဏာတော်

သုခုမဝတ္ထဒါနေန, အက္ကောဓေန ပုရေ ဘဝေ၊

ပေမဝဏ္ဏော ဇိနော လာဘီ, မုဒုဝတ္ထာနစ္ဆ တံ နမေ။

ယော ဇိနော – အကြင်မြတ်စွာဘုရားသည်၊ ပုရေ ဘဝေ – ဘဝများစွာ ရှေးရှေးအခါ၌၊ သုခုမဝတ္ထဒါနေန – သိမ်မွေ့နူးညံ့သော အဝတ်အရုံ အခြုံအခင်းတို့ကို ပေးလှူခဲ့ခြင်းကြောင့်လည်းကောင်း၊ အက္ကောဓေနစ – အမျက်ဒေါသ မထွက်ရအောင် နိစ္စချုပ်တည်း စောင့်စည်းခဲ့ခြင်းကြောင့်လည်းကောင်း၊ ပေမဝဏ္ဏော – ရွှေအဆင်းကဲ့သို့ ဝါဝင်းသော အဆင်းတော် ရှိသည်လည်းကောင်း၊ မုဒုဝတ္ထာနံ – နူးညံ့သော အဝတ်အရုံ အခြုံအခင်းတို့ကို၊ လာဘီစ – ရရှိတော်မူသည်လည်းကောင်း၊ ဟောတိ – အကြောင်းအလိုက် အကျိုးဆိုက်၍ သိုက်မြိုက်ထင်ပေါ် ဖြစ်ထွန်းတော်မူ၏။ တံ ဇိနံ – သုဝဏ္ဏဝဏ္ဏတာလက္ခဏာတော်နှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားကို၊ အဟံ – တပည့် တော်သည်၊ နမေ နမာမိ – ယုံကြည်မြတ်နိုးလက်စုံမိုး ၍ ရှိခိုးပါ၏ဘုရား။

ဗုဒ္ဓမြတ်စွာသည် ကမ္ဘာများစွာဖြစ်ခဲ့ရာ၌ များစွာသောဘဝတို့ဝယ် အသစ်ကိုလှူသောအခါ လှူဖို့ရန် အဆင့်သင့်ရှိလျှင် နူးညံ့သောအဝတ်အရုံခြုံထည်ကို ပေးလှူလေ့ရှိ၏။ ထို့ပြင် များစွာသောဘဝတို့၌ အမျက်ဒေါသမဖြစ်အောင်၊ ဖြစ်ပြန်လျှင်လည်း အပြင်မထွက်အောင် စောင့်စည်းချုပ်တည်းလေ့ ရှိခဲ့ပေသည်။ နူးညံ့သောအဝတ်ကို ပေးလှူခြင်း၊ အမျက်ဒေါသ အပြင်မထွက်ရအောင် စောင့်စည်းချုပ်တည်းခဲ့ခြင်းသည် ဗုဒ္ဓမြတ်စွာ၏ ရှေးရှေးအကြောင်း ကောင်းမှုတော်တစ်ပါးဖြစ်ပေသည်။

ဤကောင်းမှုကြောင့် ဘုရားဖြစ်မည့် နောက်ဆုံးဘဝ၌ သုဝဏ္ဏဝဏ္ဏတာ လက္ခဏာတော်ကို ရတော်မူလေသည်။ ဗုဒ္ဓမြတ်စွာ၏ အရေအဆင်းတော်သည် ဇမ္ဗူရာဇ်ရွှေ၊ သိင်္ဂီရွှေအဆင်းကဲ့သို့ ဝါဝင်း၍ လွန်စွာတင့်တယ်တော်မူသည်။

### ဆွမ်းအစရှိသော အာမိသအကောင်းအမွန် ပေးလှူခြင်း

ဘုရားတန်ဆောင်းအတွင်း၊ ကျောင်းဝိုင်းအတွင်း လူအများသွားလာရာလမ်း၌ သန့်ရှင်းအောင် တံမြက်လှည်းလေ့ရှိခြင်းကြောင့်လည်း ထိုကဲ့သို့ ရွှေအဆင်းရှိသူများ ဖြစ်တတ်ပါသည်။

ဤသို့ အကြောင်းကုသိုလ်၊ အကျိုးလက္ခဏာအတွက် အကျိုးဆက် ဤသုံးချက်ကို စဉ်းစားကာ ဗုဒ္ဓါနုဿတိဘာဝနာပွားပြီးလျှင် မိမိတို့လည်း တတ်နိုင်သလောက် နူးညံ့သော အဝတ်အရုံ အခြုံအခင်းတို့ကို ပေးလှူနိုင်အောင်ကြိုးစားရန် ပေးလှူရာ၌ ရွှေအဆင်းရနဲ့ထက် နိဗ္ဗာန်ကိုသာရည်စူး၍ လှူဒါန်းနိုင်ကြစေရန် ရေးသားလိုက်ရပေသည်။

စိန်တိုင်ထွန်း